PDF-XChange Viewer
Click to buy NOW!
www.docu-track.com

7DAY NEWS JOURNAL
No.46 • FEBRUARY 10, 2011



## Leader's Profile

# အီဂျစ်သမ္မတ ဟို့စနီမူဘာရက်

ရဲမင်း

မိုဟာမက် ဟို့စနီဆေရစ်မူဘာရက်သည်အီဂျစ်နိုင်ငံ၏ စတုတ္ထမြောက်နှင့် လက်ရှိသမ္မတဖြစ်သည်။ ၁၉၇၅ ခုနှစ်တွင် ဒုတိယသမ္မတအဖြစ် ခန့်အပ်ခံခဲ့ရပြီး ၁၉၈၁ ခုနှစ်တွင်ထိုစဉ်က အီဂျစ်သမ္မတအန်နဝါဆာဒတ် လုပ်ကြံခံရပြီးနောက် ယင်းနှစ်အောက်တိုဘာလ ၁၄ ရက်တွင် အီဂျစ်သမ္မတဖြစ်လာသည်။

မူဘာရက်အား အီဂျစ်နိုင်ငံမိုနူဖီယားပြည်နယ်တွင် ၁၉၂၈ ခုနှစ်၊ မေလ ၄ ရက်၌ မွေးဖွားခဲ့သည်။ အထက်တန်းကျောင်းပြီးဆုံးချိန်တွင် မူဘာရက်သည် အီဂျစ်စစ်ဘက် အကယ်ဒမီသို့တက်ရောက်ခဲ့ပြီး စစ်ဘက်သိပ္ပံပညာဘွဲ့ရရှိခဲ့သည်။ ယင်းမှ စစ်ဘက်အကယ်ဒမီသို့ ဆက်လက်တက်ရောက်ပြီး ၁၉၅၀ပြည့်နှစ်တွင်လေယာဉ်မှူးဖြစ်လာသည်။ မူဘာရက်သည် လေတပ်တွင် တာဝန်ထမ်းဆောင်ရင်း တိုက်လေယာဉ်မှူးတစ်ဦးဖြစ်လာခဲ့သလို လေတပ်အကယ်ဒမီတွင်လည်း သင်တန်းဆရာအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၅၉ မှ ၁၉၆၁ ခုနှစ်အထိ ဆိုဗီယက်ယူနီယံတွင် အဆင့်မြင့်လေယာဉ်မှူးသင်တန်းများ ထပ်မံတက်ရောက်ခဲ့သည်။

၁၉၆၄ ခုနှစ်အထိ ဆိုဗီယက်ယူနီယံတွင် ဆက်လက်နေထိုင်ခဲ့ပြီး အီဂျစ်နိုင်ငံသို့ ပြန်လာသောအခါ လေတပ်တပ်မှူးတာဝန်များကို ထမ်းဆောင်ရင်း မူဘာရက်သည် ၁၉၆၉ ခုနှစ်တွင် အီဂျစ်လေတပ်၏ ဦးစီးချုပ်ဖြစ်လာခဲ့သည်။ ၁၉၇၃ ခုနှစ် အောက်တိုဘာ စစ်ပွဲအပြီးတွင် မစ္စတာမူဘာရက်သည် လေတပ်အကြီးအကဲ ဦးစီးချုပ်ဗိုလ်ချုပ်ကြီးဖြစ်လာသည်။

၁၉၇၅ ခုနှစ်ဧပြီလတွင် မစ္စတာမူဘာရက်အား သမ္မတအန်နဝါဆာဒတ်က အီဂျစ်နိုင်ငံ၏ ဒုတိယသမ္မတအဖြစ် ခန့်အပ်ခဲ့သည်။ သမ္မတကြီး အန်နဝါဆာဒတ်၏ ပေါ်လစီများကို မစ္စတာမူဘာရက်က သစ္စာရှိရှိ ပံ့ပိုးခဲ့ပြီး အစိုးရအဆင့် ဆွေးနွေးညှိနှိုင်းမှုအများအပြားတွင် ပါဝင်ခဲ့သည်။ အနာဂတ်တွင် ထိတွေ့တိုက်ခိုက်မှု မပြုရေး အစ္စရေးတို့နှင့်သဘောတူညီချက်အတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့သည်။

၁၉၈၁ ခုနှစ်တွင် အီဂျစ်-အစ္စရေးငြိမ်းချမ်းရေး သဘောတူညီချက်အား ဆန့်ကျင်သူ အီဂျစ်စစ်ဘက်အရာရှိများက သမ္မတအန်နဝါဆာဒတ်အား လုပ်ကြံခဲ့ရာမစ္စတာဟို့စနီမူဘာရက်သည် အီဂျစ်နိုင်ငံ၏ သမ္မတဖြစ်လာသည်။ အမျိုးသားဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌရာထူးကိုလည်း တစ်ပါတည်း ရယူခဲ့သည်။

သမ္မတ ဟို့စနီမူဘာရက်လက်ထက် ၁၉၉၁ ပင်လယ်ကွေ့စစ်ပွဲတွင် အီဂျစ်နိုင်ငံသည် မဟာမိတ်တပ်ပေါင်းစု၌ ပါဝင်ခဲ့ပြီး ကူဝိတ်နိုင်ငံမှ အီရတ်တပ်ဖွဲ့များအား တွန်းလှန်မောင်းထုတ်ရာတွင် အီဂျစ်မြေပြင်တပ်ဖွဲ့များပါဝင်ခဲ့သည်။ ယင်းအတွက်အီဂျစ်နိုင်ငံသည် စစ်သားတစ်ဦးအတွက် ကန်ဒေါ်လာငါးသိန်း ရရှိခဲ့သည် (သို့မဟုတ်)ချေးငွေချေးငှားခွင့် ရရှိခဲ့သည်ဟု သတင်းများက ဖော်ပြခဲ့သည်။ ယင်းစစ်ပွဲပြီးနောက် အမေရိကန်၊ ပင်လယ်ကွေ့နိုင်ငံများနှင့် ဥရောပနိုင်ငံများက အီဂျစ်နိုင်ငံ၏ ကြွေးမြီကန်ဒေါ်လာ ၁၄ ဘီလီယံခန့်ကို လျှော်ပေးခဲ့သည်ဟု အီကိုနောမစ်မဂ္ဂဇင်းက ဖော်ပြခဲ့သည်။

၂၀၀၃ ခုနှစ် အီရတ်စစ်ပွဲတွင်မူ မစ္စတာမူဘာရက်သည် စစ်ပွဲအပေါ် ဆန့်ကျင် ပြောဆိုခဲ့ပြီးအစ္စရေး-ပါလက်စတိုင်း ပြဿနာကို ပထမဦးစွာ ဖြေရှင်းရမည်ဟုပြောကြားခဲ့သည်။ အီရတ်စစ်ပွဲသည်ဘင်လာဒင်ပေါင်း တစ်ရာခန့်ထွက်ပေါ်လာစေလိမ့်မည်ဟု ပြောဆိုခဲ့သည်။

မစ္စတာမူဘာရက်သည် ၂၀၀၄ ခုနှစ်တွင် ဝန်ကြီးချုပ်အာတက်ဖ်ဒီဘေ့ဒ် အစိုးရနုတ်ထွက်ခြင်းကို လက်ခံခဲ့ပြီးဝန်ကြီးချုပ်အာမက်နာဇစ် ဦးဆောင်သောအစိုးရအဖွဲ့ဖြင့် အစားထိုးခန့်ထားခဲ့သည်။ ၎င်းအစိုးရလက်ထက်တွင်စီးပွားရေးအခြေအနေ တိုးတက်ကောင်းမွန်လာသော်လည်း မစ္စတာမူဘာရက်သည် စီးပွားရေးလုပ်ငန်းကြီးများနှင့် နိုင်ငံပိုင်လုပ်ငန်းများအား ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်းများကို အားပေးပြီး အလုပ်သမားများ၏ အခွင့်အရေးကိုကာကွယ်မှုမပေးဟုဝေဖန်ခံခဲ့ရသည်။

မစ္စတာမူဘာရက်သည် အီဂျစ်အခြေခံဥပဒေအရ ၁၉၈၇၊ ၁၉၉၃၊ ၁၉၉၉ ရွေးကောက်ပွဲများတွင် ပြိုင်ဘက်မရှိ နိုင်ငံ၏သမ္မတရာထူးကို ပြန်လည်ရယူနိုင်ခဲ့သည်။ နောက်ပိုင်းတွင် နိုင်ငံတကာနှင့်ပြည်တွင်းဖိအားများကြောင့်အခြေခံဥပဒေကို ပြင်ဆင်ခဲ့ပြီး ၂၀၀၅ ခုနှစ် စက်တင်ဘာလတွင်ပြုလုပ်သည့်ရွေးကောက်ပွဲအား ပြိုင်ဘက်များစွာပါဝင်သည့်ရွေးကောက်ပွဲအဖြစ် ကျင်းပခဲ့သည်။ ၎င်းရွေးကောက်ပွဲများအပြီး နောက်တစ်ရက် စက်တင်ဘာလ ၈ ရက်တွင် အယ်လ်ဂတ်ပါတီမှ ဝင်ရောက်ယှဉ်ပြိုင်သူ အေမန်နောက ရွေးကောက်ပွဲရလဒ်အား အငြင်းပွားခဲ့ပြီး ရွေးကောက်ပွဲ ပြန်လည်ကျင်းပရန်တောင်းဆိုခဲ့သည်။ နောက်ပိုင်းတွင် မစ္စတာအေမန်နောအားဖမ်းဆီးထောင်ချခဲ့ရာ အမေရိကန်နိုင်ငံက ကန့်ကွက်ခဲ့သည်။

လောလောဆယ်တွင် နိုင်ငံ၌ လူထုအုံကြွမှုကြီးနှင့်ကြုံတွေ့နေရသည့်အီဂျစ်သမ္မတသည် ဇနီးဆူဇန်းမူဘာရက်နှင့် သားနှစ်ဦးထွန်းကားခဲ့သည်။

—*Ref: Wikipedia*